# မြန်မာနိုင်ငံ၌ ငလျင်ကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီးမှုအခြေအနေများအတွက် JICA ကျွမ်းကျင်ပညာရှင်များအဖွဲ့ စေလွှတ်ခြင်း

၂၀၂၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့

JICA ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ဧပြီလ ၂၇ ရက်နေ့မှ မေလ ၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ စေလွှတ်ရန် ဂျပန်နိုင်ငံအစိုးရက ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ဧပြီလ ၂၇ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ထွက်ခွာမည် ဖြစ်ပါသည်။

၁။ ယခုအကြိမ် စေလွှတ်မည့် JICA ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် ငလျင်ဒဏ်သင့်ဒေသများ၏ လက်ရှိအခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ လိုအပ်ချက်များကို လေ့လာ သုံးသပ်ရန် ရန်ကုန်မြို့နှင့် မန္တလေးမြို့အပါအဝင် ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်ကြမည် ဖြစ်ပါသည်။

၂။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် ငလျင်ဖြစ်ပွားပြီးနောက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာနည်းပညာအဖွဲ့ (JDR) စေလွှတ်ခြင်း၊ အရေးပေါ် ကူညီကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တစ်ဆင့် အရေးပေါ်ထောက်ပံ့ငွေပေးအပ်ခြင်း (Emergency Grant Aid) အစရှိသည်တို့ကို ဆောင်ရွက်လာခဲ့ပါသည်။ ငလျင်ဒဏ်သင့်ဒေသတွင်ရှိသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ မြန်မာပြည်သူပြည်သားများ တိုက်ရိုက်အကျိုးခံစားရရှိစေမည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ

အကူအညီများကို ဂျပန်နိုင်ငံအစိုးရက အတတ်နိုင်ဆုံး ဆက်လက်ကူညီပံ့ပိုးသွား မည် ဖြစ်ပါသည်။

(ကိုးကားချက်) မြန်မာပြည်သူပြည်သားများအတွက် ဂျပန်နိုင်ငံအစိုးရ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ (၂၀၂၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့အထိ) (Japanese (PDF)/ English (PDF))